The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ(၁၀) ၊ အမှတ်(၁၀) ၊ အောက်တိုဘာလ ၃၁၊ ၂၀၂၅

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ စစ်တပ်က မြန်မာနိုင်ငံတောင်ပိုင်းတွင် စစ်ရေးလှုပ်ရှားမှုများ ပိုမိုလုပ်ဆောင်လာ




**အောက်တိုဘာ ၁၇၊ ၂၀၂၅**

စစ်ကော်မရှင်က ၎င်းတို့ကျင်းပမည့်ရွေးကောက်ပွဲကို အပိုင်း (၃) ပိုင်း ခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး ပထမပိုင်းကို ၂၀၂၅ ဒီဇင်ဘာလ (၂၈) ရက်နေ့တွင်လည်းကောင်း၊ ဒုတိယပိုင်းကို ၂၀၂၆ ဇန်နဝါရီလ ပထမနှင့် ဒုတိယအပတ်တွင်လည်းကောင်း၊ တတိယပိုင်းကို ၂၀၂၆ ဩဂုတ်လ (၁၈) ရက်နေ့တွင်လည်းကောင်း ကျင်းပသွားမည်ဟု စစ်ကော်မရှင်လက်အောက်ခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည်။

ဆက်လက်ဖတ်ရှုရန် .......... စာမျက်နှာ (၄) သို့ >>>>

## Hots News

**စစ်ရေးတင်းမာနေသည့်ကော့ကရိတ်တွင် စစ်ရှောင်ဦးရေ တိုးလာပြီး အကူအညီလိုအပ်နေ**



စာမျက်နှာ ၆

**စက်တင်ဘာလတွင် တရားမဝင်နယ်စပ်ဖြတ်ကျော်သူ မြန်မာနိုင်ငံသား (၇၀၀) ကျော် ဖမ်းဆီးခံရ**





စာမျက်နှာ ၈

**တိုက်ပွဲပြီးနောက် ထားဝယ်အထူးစီးပွားရေးဇုန်ရှိ နေအိမ် (၁၆) လုံးကို စစ်တပ်က မီးရှို့**




စာမျက်နှာ ၉

## အတွင်းဘက်မှာ ဖတ်ရှုရန်

1. မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက် — စာမျက်နှာ- ၁၀
2. ၂၀၂၅ ဇန်နဝါရီလမှ အောက်တိုဘာလအထိ လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း — စာမျက်နှာ- ၁၃
3. ၂၀၂၅ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ဒရုန်း နှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း — စာမျက်နှာ- ၁၄
4. မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်ခံရမှု မှတ်တမ်း — စာမျက်နှာ- ၁၆ မှ ၃၂

HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

# "ရွေးကောက်ပွဲနီးလေ စစ်တိုက်လေ" လုပ်လာသည့် စစ်ကော်မရှင်

## မွန်လူထုအသံ အယ်ဒီတာ့အာဘော်

## အောက်တိုဘာလ ၂၀၂၅

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၁၀) အမှတ် (၁၀) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် ဖြစ်ပွား နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံ စုဆောင်းပြီး အင်တာနက်နှင့် လူမှုကွန်ရက် စာမျက်နှာများမှတဆင့် ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လ တစ်ကြိမ် ထုတ်ဝေလျက် ရှိသည်။

၂၀၂၅ အောက်တိုဘာလတွင် မြို့နယ် (၁၆) မြို့နယ်မှ လူအခွင့်အရေးချိုးဖောက်မှုသတင်းအပုဒ် (၃၀) ကျော်ကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။

စစ်ကော်မရှင်က ၎င်းတို့ကျင်းပမည့်ရွေးကောက်ပွဲကို အပိုင်း (၃) ပိုင်း ခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး ပထမပိုင်း ကို ၂၀၂၅ ဒီဇင်ဘာလ (၂၈) ရက်နေ့တွင်လည်းကောင်း၊ ဒုတိယပိုင်းကို ၂၀၂၆ ဇန်နဝါရီလ ပထမနှင့် ဒုတိယ အပတ်တွင်လည်းကောင်း၊ တတိယပိုင်းကို ၂၀၂၆ ဩဂုတ်လ (၁၈) ရက်နေ့တွင်လည်းကောင်း ကျင်းပသွားမည်ဟု စစ်ကော်မရှင်လက်အောက်ခံ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည်။

ရွေးကောက်ပွဲနီးကပ်လာသည်နှင့်အမျှ စစ်တပ်က မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် စစ်ကြောင်းထိုးခြင်း၊ လက်နက်ကြီးပစ်ခတ်ခြင်းနှင့် လေကြောင်းတိုက်ခိုက်ခြင်းများကို ပိုမိုလုပ်ဆောင်လာကြောင်း ဒေသခံများက ပြောသည်။

"အခုတလော နေ့ရာညပါ လေယာဉ်သံတွေ ကြားနေရတယ်။ ညဘက်ဆို ပိုဆိုးတယ်။ တိတ်ဆိတ်တဲ့အချိန်မှာ လေယာဉ်က ခပ်နိမ့်နိမ့်ပဲ ပျံနေလို့ အသံအကျယ်ကြီး ကြားနေရတယ်။ ဗုံးကြဲချမှာ ကြောက်တယ်" ဟု ရေးမြောက် ပိုင်းဒေသခံတစ်ဦးက ပြောသည်။

ဆုံးရှုံးသွားသည့်နယ်မြေများကို ပြန်လည်ရယူရန်ဟုဆိုကာ ကရင်ပြည်နယ် ကော့ကရိတ်၊ မြဝတီနှင့် ကြာအင်းဆိပ် ကြီးမြို့နယ်များတွင်လည်း အင်အားအလုံးအရင်းဖြင့် စစ်ကြောင်းထိုးနေ သည့်အပြင် လက်နက်ကြီးနှင့် လေကြောင်း တိုက်ခိုက်မှုများကိုပါ လုပ်ဆောင်နေသည်။

"ရွေးကောက်ပွဲလုပ်နိုင်ဖို့ ကြာအင်းဆိပ်ကြီးကနေ ဘုရားသုံးဆူအထိ စစ်ကြောင်းထိုးပြီးတော့ နယ်မြေရှင်းလင်းနေ တဲ့သဘောပဲ" ဟု ကရင်ပြည်နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

စစ်ကြောင်းထိုးရာတွင် စစ်တပ်နှင့်အတူ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) နှင့် ကရင်ပြည်နယ် နယ်ခြားစောင့်တပ်တို့ပါ ပူးပေါင်းလိုက်ပါလာခဲ့သည်။

အလားတူ တနင်္သာရီတိုင်း တနင်္သာရီ၊ လောင်းလုံးနှင့် သရက်ချောင်းမြို့နယ်များတွင်လည်း စစ်တပ်က စစ်ကြောင်းထိုးလာသဖြင့် တိုက်ပွဲများ ပြင်းထန်နေသည့်အပြင် စစ်တပ်က လေကြောင်းတိုက်ခိုက်မှုများပါ လုပ်ဆောင်နေသည်။

"သရက်ချောင်းက ရွေးကောက်ပွဲပထမပိုင်းမှာပါနေလို့ အခုတလော စစ်ကြောင်းထိုးနေတယ်။ အင်တာနက်လည်း ဖြတ်ထားတယ်။ ရွေးကောက်ပွဲပထမပိုင်းမှာမပါတဲ့မြို့နယ်တွေဆို စစ်ရေး အဲလောက် မပြင်းထန်ဘူး" ဟု သရက်ချောင်းမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

၂၀၂၅ အောက်တိုဘာလ (၁၉) ရက်နေ့တွင် အင်အား (၁၀၀) ကျော်ပါရှိသည့် စစ်အာဏာရှင်စစ်ကြောင်းတစ်ခုက တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် ကျောက်ဆင်ကျေးရွာကို စစ်ကြောင်းထိုးဝင်ရောက်လာသဖြင့် ဒေသခံပြည်သူ (၃,၀၀၀) ကျော်သည် ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း သိရသည်။

အခြားတစ်ဖက်တွင် စစ်တပ်နှင့် အုပ်ချုပ်ရေးအဖွဲ့များက မဲစာရင်းလာရောက်ကြည့်ရှုစစ်ဆေးရန် အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်နေသော်လည်း ပြည်သူများက ရွေးကောက်ပွဲကို စိတ်မဝင်စားသဖြင့် မဲစာရင်း လာရောက်ကြည့်ရှုစစ်ဆေးခြင်း မရှိသလောက်နည်းပါးကြောင်း သိရသည်။

"မဲစာရင်းသွားကြည့်ဖို့ အသံချဲ့စက်နဲ့ ရွာပတ်ပြီး လိုက်အော်ပေမဲ့ ရွေးကောက်ပွဲကို စိတ်မဝင်စားလို့ ဘယ်သူမှ သွားမကြည့်ဘူး" ဟု ကျိုက်မရောဒေသခံတစ်ဦးက ပြောသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်းမှတဆင့် စစ်တပ်က ၎င်းတို့ကျူးလွန်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသည့်အလေ့အထကို ချိုးဖျက်ရပ်တန့်ရန် လည်းကောင်း၊ မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက်ဒရယ် ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

အယ်ဒီတာအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၂၅ အောက်တိုဘာ



# ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ စစ်တပ်က မြန်မာနိုင်ငံတောင်ပိုင်းတွင် စစ်ရေးလှုပ်ရှားမှုများ ပိုမိုလုပ်ဆောင်လာ

**အောက်တိုဘာ ၁၇၊ ၂၀၂၅**

စစ်ကော်မရှင်က ၎င်းတို့ကျင်းပမည့်ရွေးကောက်ပွဲကို အပိုင်း (၃) ပိုင်း ခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး ပထမပိုင်းကို ၂၀၂၅ ဒီဇင်ဘာလ (၂၈) ရက်နေ့တွင်လည်းကောင်း၊ ဒုတိယပိုင်းကို ၂၀၂၆ ဇန်နဝါရီလ ပထမနှင့် ဒုတိယအပတ်တွင်လည်းကောင်း၊ တတိယပိုင်းကို ၂၀၂၆ ဩဂုတ်လ (၁၈) ရက်နေ့တွင်လည်းကောင်း ကျင်းပသွားမည်ဟု စစ်ကော်မရှင်လက်အောက်ခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည်။

ရွေးကောက်ပွဲပထမပိုင်းကို မွန်ပြည်နယ်မှ ကျိုက်ထို၊ ကျိုက်မရော၊ ချောင်းဆုံ၊ မော်လမြိုင်နှင့် သထုံမြို့နယ်များ၊ ကရင်ပြည်နယ်မှ ဘားအံ၊ မြဝတီနှင့် သံတောင်ကြီးမြို့နယ်များ၊ တနင်္သာရီတိုင်းမှ ကော့သောင်း၊ ထားဝယ်၊ ဘုတ်ပြင်းနှင့် မြိတ်မြို့နယ်များတွင် ပြုလုပ်သွားမည်ဖြစ်သည်။

ရွေးကောက်ပွဲနီးကပ်လာသည်နှင့်အမျှ စစ်တပ်က မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် စစ်ကြောင်းထိုးခြင်း၊ လက်နက်ကြီးပစ်ခတ်ခြင်းနှင့် လေကြောင်းတိုက်ခိုက်ခြင်းများကို ပိုမိုလုပ်ဆောင်လာကြောင်း ဒေသခံများက ပြောသည်။

**"အခုတလော နေ့ရာညပါ လေယာဉ်သံတွေ ကြားနေရတယ်။ ညဘက်ဆို ပိုဆိုးတယ်။ တိတ်ဆိတ်တဲ့အချိန်မှာ လေယာဉ်က ခပ်နိမ့်နိမ့်ပဲ ပျံနေလို့ အသံအကျယ်ကြီး ကြားနေရတယ်။ ဗုံးကြဲချမှာ ကြောက်တယ်"** ဟု ရေးမြောက်ပိုင်းဒေသခံတစ်ဦးက ပြောသည်။

အလားတူ တနင်္သာရီတိုင်း တနင်္သာရီ၊ လောင်းလုံးနှင့် သရက်ချောင်းမြို့နယ်များတွင်လည်း စစ်တပ်က စစ်ကြောင်းထိုးလာသဖြင့် တိုက်ပွဲများ ပြင်းထန်နေသည့်အပြင် စစ်တပ်က လေကြောင်း တိုက်ခိုက်မှုများပါ လုပ်ဆောင်နေသည်။

"သရက်ချောင်းက ရွေးကောက်ပွဲပထမပိုင်းမှာပါနေလို့ အခုတလော စစ်ကြောင်းထိုးနေတယ်။ အင်တာနက်လည်း ဖြတ်ထားတယ်။ ရွေးကောက်ပွဲပထမပိုင်းမှာမပါတဲ့မြို့နယ်တွေဆို စစ်ရေး အဲလောက် မပြင်းထန်ဘူး" ဟု သရက်ချောင်းမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

ဆုံးရှုံးသွားသည့်နယ်မြေများကို ပြန်လည်ရယူရန်ဟုဆိုကာ ကရင်ပြည်နယ် ကော့ကရိတ်၊ မြဝတီနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များတွင်လည်း အင်အားအလုံးအရင်းဖြင့် စစ်ကြောင်းထိုးနေ သည့်အပြင် လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုများကိုပါ လုပ်ဆောင်နေသည်။

"ရွေးကောက်ပွဲလုပ်နိုင်ဖို့ ကြာအင်းဆိပ်ကြီးကနေ ဘုရားသုံးဆူအထိ စစ်ကြောင်းထိုးပြီးတော့ နယ်မြေရှင်းလင်းနေတဲ့သဘောပဲ" ဟု ကရင်ပြည်နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

စစ်ကြောင်းထိုးရာတွင် စစ်တပ်နှင့်အတူ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) နှင့် ကရင်ပြည်နယ် နယ်ခြားစောင့်တပ်တို့ပါ ပူးပေါင်းလိုက်ပါလာခဲ့သည်။

"ရွေးကောက်ပွဲအတွက် စက်တင်ဘာလကတည်းက နယ်မြေရှင်းလင်းရေး လုပ်နေတယ်။ အခြားတစ်ဖက်ကနေလည်း မဲစာရင်းသွားကြည့်ဖို့ လိုက်လံနှိုးဆော်နေတယ်။ မဲပေးသင်တန်းတွေလည်း ပေးနေတယ်" ဟု ကြာအင်းဆိပ်ကြီးမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် စစ်တပ်က မဲစာရင်းများကို အောက်တိုဘာလ (၁) ရက်နေ့မှစ၍ ကပ်ထားကြေညာခဲ့သော်လည်း မဲစာရင်းလာရောက်ကြည့်ရှုသူ မရှိသလောက် နည်းပါးနေကြောင်း မွန်လူထုအသံက သိရှိထားသည်။

စစ်တပ်က ပြုလုပ်မည့် အတုအယောင်ရွေးကောက်ပွဲတွင် ပြည်ထောင်စုအဆင့်နိုင်ငံရေးပါတီ (၆) ပါတီနှင့် ပြည်နယ်နှင့်တိုင်းအဆင့်နိုင်ငံရေးပါတီ (၅၁) ပါတီ စုစုပေါင်း (၅၇) ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း စစ်တပ်လက်အောက်ခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာထားသည်။

# စစ်ရေးတင်းမာနေသည့်ကော့ကရိတ်တွင် စစ်ရှောင်ဦးရေ တိုးလာပြီး အကူအညီလိုအပ်နေ




**အောက်တိုဘာ ၂၃၊ ၂၀၂၅**

၂၀၂၅ ဇူလိုင်လမှစ၍ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ကရိတ် - ကျုံဒိုးလမ်းပိုင်း စစ်အာဏာရှင်တပ်က စစ်ကြောင်းထိုးနေသည့်အပြင် လက်နက်ကြီးဖြင့်ပါ ပစ်ခတ်တိုက်ခိုက်နေသဖြင့် ကျေးရွာ (၁၃) ရွာမှ ဒေသခံပြည်သူထောင်ချီ ထွက်ပြေးတိမ်းရှောင်နေရသည်။

၎င်းပြင် ဩဂုတ်လဆန်းပိုင်းမှစ၍ ကော့ကရိတ်မြို့မြောက်ပိုင်း ဒေါနတောင် - မြဝတီလမ်းဟောင်းကို စစ်အာဏာရှင်တပ်နှင့် ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော် (DKBA) တို့က စစ်ကြောင်း (၄) ကြောင်းဖြင့် စစ်ကြောင်းထိုးနေသည့်အပြင် လေကြောင်းတိုက်ခိုက်မှုပါ လုပ်ဆောင်နေသည်။

စစ်အာဏာရှင်တပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့အကြား ၂၀၂၅ အောက်တိုဘာလ တတိယအပတ်အထိ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားနေသည်။

ကော့ကရိတ်မြောက်ပိုင်း ကျုံဒိုးချောင်းဖျား၊ နန်းကော်တေး၊ ကျုံဘိုင်း၊ မြပတိုင်နိုင်စသည့်ကျေးရွာများမှ ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရသည်။

“ကျွန်တော်တို့ဆီကို ရွာ (၅) ရွာလောက်က ဒေသခံတွေ ထပ်ရောက်လာတယ်။ တိုက်ပွဲကတော့ အသံတိတ်နေတယ်။ ဒါပေမဲ့ ရွာမှာနေရင် ဝင်ထွက်သွားလာတာကို (စစ်တပ်ကို) စာရင်းပေးရမယ်၊ (သူတို့က) အိမ်ကို စစ်ဆေးမယ်ဆိုတော့ မနေကြဘူး။ တချို့ကျတော့ အိမ်က တိုက်ပွဲကြောင့် ပျက်စီးသွားပြီး နေစရာမရှိလို့ ရောက်လာကြတယ်” ဟု ကော့ကရိတ်ဒေသခံတစ်ဦးက ပြောသည်။

လပေါင်းများစွာ စစ်ဘေးရှောင်နေရသဖြင့် အလုပ်အကိုင်များ ဆုံးရှုံးကာ ငွေရေးကြေးရေး အခက်အခဲများ ကြုံလာရသည်။ စစ်ဘေးရှောင်များအတွက် စားနပ်ရိက္ခာနှင့် ဆေးဝါးအကူအညီများ အထူးလိုအပ်နေကြောင်း စစ်ဘေးရှောင်အရေးကူညီပေးနေသည့် အမျိုးသားတစ်ဦးက ပြောသည်။

“တိုက်ပွဲကြောင့် ဆက်သွယ်ရေးလမ်းကြောင်းတွေ ပိတ်ထားတယ်။ တစ်လမ်းလုံး ဂိတ်တွေချပြီး စစ်ဆေးနေတယ်။ စားနပ်ရိက္ခာသယ်သွားဖို့ မလွယ်ဘူး” ဟု ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

စစ်ကြောင်းထိုးနေစဉ်အတွင်း စစ်တပ်က အရပ်သားများကို သတ်ဖြတ်ခဲ့သကဲ့သို့ ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော်ကလည်း အရပ်သားပြည်သူများကို ရိုက်နှက်ဖမ်းဆီးမှုများ ရှိခဲ့ကြောင်း ဒေသခံများက ပြောသည်။

**“တိုက်ပွဲကြောင့် ဆက်သွယ်ရေးလမ်းကြောင်းတွေ ပိတ်ထားတယ်။ တစ်လမ်းလုံး ဂိတ်တွေချပြီး စစ်ဆေးနေတယ်။ စားနပ်ရိက္ခာသယ်သွားဖို့ မလွယ်ဘူး”**

# (၂) လအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော်သူ မြန်မာ (၃၀၀) နီးပါး ဖမ်းဆီးခံရ







**အောက်တိုဘာ ၈၊ ၂၀၂၅**

၂၀၂၅ စက်တင်ဘာလ တစ်လတည်းတွင် ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော်လာသူ မြန်မာနိုင်ငံသား (၇၄၄) ဦးကို ထိုင်းအာဏာပိုင်များက ဖမ်းဆီးရမိခဲ့ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကောက်ခံစုဆောင်းထားသည့် အချက်အလက်များအရ သိရှိရသည်။

စက်တင်ဘာလ (၂) ရက်နေ့တွင် (၃၉) ဦး၊ (၃) ရက်နေ့တွင် (၆၂) ဦး၊ (၄) ရက်နေ့တွင် (၄၃) ဦး၊ (၉) ရက်နေ့တွင် (၂၁၉) ဦး၊ (၁၀) ရက်နေ့တွင် (၁၀) ဦးနှင့် (၁၃) ရက်နေ့တွင် (၇၀) ဦးတို့ ဖမ်းဆီးခံခဲ့ရသည်။

ၡင်းပြင် (၁၅) ရက်နေ့တွင် (၅၃) ဦး၊ (၁၆) ရက်နေ့တွင် (၁၁၃) ဦး၊ (၂၂) ရက်နေ့တွင် (၁၁) ဦး၊ (၂၄) ရက်နေ့တွင် (၆) ဦး၊ (၂၉) ရက်နေ့တွင် (၂၈) ဦးနှင့် (၃၀) ရက်နေ့တွင် (၉၀) ဦးတို့ကို ထိုင်းနယ်ခြားစောင့်တပ်က ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားမဝင်နယ်စပ်ဖြတ်ကျော်သူများသည် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့မှတဆင့် ထိုင်းနိုင်ငံ ကန်ချနပူရီခရိုင်နှင့် ထောင်ဖာဖွန်မြို့နယ်များသို့ တရားမဝင်,ဝင်ရောက်လာကြခြင်း ဖြစ်သည်။ ပွဲစားခအနေဖြင့် ထိုင်းဘတ်ငွေ (၂၀,၀၀၀) မှ (၆၀,၀၀၀) အထိ ပေးချေခဲ့ရသည်။

“အခုအခြေအနေအရ နေ့တိုင်းနီးပါးလောက် အဖမ်းခံနေရတယ်။ အခုလ(အောက်တိုဘာ) ပထမအပတ်မှာလည်း (၃) ကြိမ်လောက် ဖမ်းမိပြီးပြီ။ စက်တင်ဘာလက ဖမ်းမိတဲ့အထဲမှာ (၂) နှစ်အရွယ် ကလေးငယ် (၁) ယောက်တောင် ပါတယ်” ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ အချက်အလက်စုဆောင်းသူတစ်ဦးက ပြောသည်။

စက်တင်ဘာလ (၁၂) ရက်နေ့တွင် တရားမဝင်နယ်စပ်ဖြတ်ကျော်သူများကို တင်ဆောင်လာသည့် လှေတစ်စင်းသည် စံခလပူရီမြို့နယ်ရှိ ရေလှောင်ကန်တစ်ခုတွင် တိမ်းမှောက်နစ်မြုပ်ခဲ့ရာ (၃) ဦး သေဆုံးခဲ့သည်။

ယခုအောက်တိုဘာလ ပထမအပတ်တွင်လည်း တရားမဝင်နယ်စပ်ဖြတ်ကျော်လာသူ မြန်မာနိုင်ငံသား (၆၄) ဦးကို ထိုင်းအာဏာပိုင်များက ဖမ်းဆီးရမိခဲ့ပြီး ဖြစ်သည်။




# တိုက်ပွဲပြီးနောက် ထားဝယ်အထူးစီးပွားရေးဇုန်ရှိ နေအိမ် (၁၆) လုံးကို စစ်တပ်က မီးရှို့

**အောက်တိုဘာ ၂၂၊ ၂၀၂၅**

၂၀၂၅ အောက်တိုဘာလ (၁၈) ရက်နေ့ ညနေပိုင်းတွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ထားဝယ်အထူးစီးပွားရေးဇုန်ရှိ ခမောင်းချောင်းကျေးရွာကို အင်အား (၁၀၀) နီးပါးရှိသည့် စစ်ကြောင်းတစ်ခုက စစ်ကြောင်းထိုးဝင်ရောက်လာရာ ဒေသခံတော်လှန်ရေးတပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။

တိုက်ပွဲပြီးနောက် ခမောင်းချောင်းနှင့် ဝက်ချောင်းကျေးရွာရှိ နေအိမ် (၁၆) လုံးကို စစ်တပ်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

**"ခမောင်းချောင်းရွာထဲမှာပဲ တိုက်ပွဲဖြစ်တာ။ တိုက်ပွဲပြီးတော့ ညတွင်းချင်းပဲ ခမောင်းချောင်းက အိမ် (၉) လုံးကို မီးရှို့တယ်။ အောက်တိုဘာ (၂၀) ရက်နေ့မှာ ဝက်ချောင်းက အိမ် (၇) လုံးကို နောက်ထပ်မီးရှို့ခဲ့တယ်"** ဟု ရေဖြူဒေသခံတစ်ဦးက ပြောသည်။

အောက်တိုဘာလ (၁၈) ရက်နေ့ညတွင်လည်း စစ်ကြောင်းက လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်နေကြောင်း အဆိုပါဒေသခံက ပြောသည်။

အဆိုပါစစ်ကြောင်းသည် အောက်တိုဘာလ (၂၀) ရက်နေ့တွင် လောင်းလုံးမြို့နယ် သဘော့ဆိပ်ကျေးရွာသို့ ရောက်ရှိလာရာ ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

အောက်တိုဘာလ ဒုတိယအပတ်မှ၍ ရေဖြူမြို့နယ် ကံပေါက်ဒေသ မောရဝတီရေတပ်စခန်းဌာနချုပ်မှ အင်အား (၁၀၀) ဝန်းကျင်ရှိ စစ်ကြောင်းသည် ထားဝယ်အထူးစီးပွားရေးဇုန် နဘုလယ်ဒေသကို စစ်ကြောင်းထိုးနေသဖြင့် ဒေသခံပြည်သူထောင်ချီ ထွက်ပြေးတိမ်းရှောင်နေရသည်။


# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက်

ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၂၀၂၅

| မွန်ပြည်နယ် | ကရင်ပြည်နယ် | တနင်္သာရီတိုင်း |
| --- | --- | --- |
| ၇ | ၃ | ၉ |



အသက်သေဆုံး ၆



ထိခိုက်ဒဏ်ရာ ၂၉



၁၈



၉



၆

အမျိုးသား - ၂၀ ဦး(၁၆ ဦးဒဏ်ရာရ/ ၄ ဦးသေဆုံး) ၊ အမျိုးသမီး - ၉ ဦး(၈ ဦးဒဏ်ရာ၊ ၁ ဦးသေဆုံး)၊ ကလေးသူငယ် ၆(၅ ဦးဒဏ်ရာရ၊ ၁ ဦး သေဆုံး)

# စစ်ခေါင်းဆောင်လုံခြုံရေးအတွက် လူနေကျေးရွာများကို ဗုံးကြဲ



**အောက်တိုဘာ ၁၊ ၂၀၂၅**

၂၀၂၅ စက်တင်ဘာလ (၁၈) ရက်နေ့တွင် တနင်္သာရီတိုင်း ထားဝယ်မြို့ နယ် ထားဝယ်မြို့ တွင် မြို့တော်ခန်းမ အဆောက်အဦးသစ်ဖွင့်လှစ်ပွဲကို ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့ စစ်ခေါင်းဆောင်မင်းအောင်လှိုင် တက်ရောက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။

အဆိုပါအခမ်းအနားမတိုင်ခင် စက်တင်ဘာလ (၁၆) နှင့် (၁၇) ရက်နေ့များတွင် ထားဝယ်ခရိုင် အတွင်းရှိ ထားဝယ်၊ သရက်ချောင်းနှင့် လောင်းလုံးမြို့နယ်ရှိ ကျေးရွာ (၁၀) ရွာထက်မနည်းကို စစ်တပ်က လေယာဉ်ဖြင့် ဗုံးကြဲခဲ့သည့်အပြင် မြေပြင်တွင်လည်း စစ်ကြောင်းထိုးခဲ့သည်။

"စက်တင်ဘာ (၁၆) ရက်နေ့ ည (၇) နာရီလောက်မှာ မင်းရပ်ရွာကို စစ်ကား (၂) စီးနဲ့ ရောက်လာတယ်။ (၁၇) ရက်နေ့ အာရုဏ်ချိန်ကျော်လောက်မှာ ဒေသခံကာကွယ်ရေးတပ်ဖွဲ့တွေနဲ့ တိုက်ပွဲဖြစ်တယ်။ (၁၀) နာရီလောက်ကျတော့ ထားဝယ်ခရိုင်က ကျေးရွာတွေကို တိုက်လေယာဉ်နဲ့ ပတ်ပတ်လည် ဗုံးကြဲတော့တာပဲ" ဟု ဒေသခံတစ်ဦးက ပြောသည်။

စက်တင်ဘာလ (၁၇) ရက်နေ့တွင် စစ်တပ်က Y12 သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြင့် လောင်းလုံးမြို့ ဝေဒီကျေးရွာကို ဗုံးကြဲခဲ့သည်။ နေအိမ်တစ်လုံးအပေါ်သို့ ကျရောက်ပေါက်ကွဲသဖြင့် အမျိုးသား (၁) ဦးနှင့် အမျိုးသမီး (၁) ဦးတို့ ပွဲချင်းပြီး သေဆုံးခဲ့သည်။

ငင်းပြင် ပြင်းထန်ဒဏ်ရာရရှိခဲ့သည့် အသက် (၃၀) အရွယ် အမျိုးသမီးတစ်ဦးလည်း ထားဝယ်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် ထပ်မံသေဆုံးခဲ့သည်။ ကလေးငယ် (၃) ဦးနှင့် အသက် (၆၀) အရွယ် အမျိုးသား (၁) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

ဗုံးကြဲခဲ့သည့်နေရာများအနက် ထားဝယ်မြို့နယ်တစ်ခုတည်းသာ တိုက်ပွဲပြင်းထန်နေပြီး ကျန်မြို့နယ်များသည် စစ်ရေးတင်းမာမှုမရှိသည့် မြို့နယ်များ ဖြစ်သည်။ ဗုံးကြဲခံရသည့်ကျေးရွာများသည်လည်း အများပြည်သူနေထိုင်ရာ ကျေးရွာများသာ ဖြစ်သည်။

စစ်တပ်က ဝေဒီကျေးရွာအပြင် ကြက်ယက်တွင်း၊ သပြေရှောင်နှင့် ကျောက်တွင်းကျေးရွာများကိုလည်း ဗုံးကြဲခဲ့သည်။ ထိခိုက်ဒဏ်ရာ ရရှိမှု မရှိသော်လည်း ကျေးရွာလမ်းမများ ပျက်စီးသွားခဲ့သည်။

“မနက်ပိုင်းမှာ ထားဝယ်မြို့တော်ခန်းမမှာ ဖွင့်ပွဲလုပ်ပြီးတော့ ညနေဘက်မှာ မြိတ်ဘက်ကို ခရီးဆက်ခဲ့တယ်လို့ ကြားတယ်။ ထိပ်ပိုင်းခေါင်းဆောင်တွေ လာရင် စစ်တပ်က နယ်မြေရှင်းလင်းတာတွေ လုပ်လေ့ရှိတယ်။ တနင်္သာရီတိုင်းဝန်ကြီးချုပ်က ထားဝယ်မြို့တော်ခန်းမကို လာရင်တောင် စစ်တပ်က လောင်းလုံးအထိ “ကာဗာ” ယူတဲ့အနေအထားတွေ ရှိဖူးတယ်” ဟု လောင်းလုံးမြို့ခံတစ်ဦးက ပြောသည်။

၂၀၂၄ ခုနှစ် ကမြောကင်းတံတားဖွင့်ပွဲအချိန်တွင်လည်း ထိပ်ပိုင်းခေါင်းဆောင်များ တက်ရောက်မည်ဟုဆိုသဖြင့် စစ်တပ်က နေအိမ်အလုံး (၂၀၀) ကျော်ကို မီးရှို့ဖျက်ဆီးကာ နယ်မြေရှင်းလင်းရေး လုပ်ဆောင်ခဲ့သည်။

စက်တင်ဘာလ (၁၈) ရက်နေ့တွင် စစ်ခေါင်းဆောင်မင်းအောင်လှိုင်က ထားဝယ်မြို့တွင် အခမ်းအနားများဖြင့် ပျော်ရွှင်နေသော်လည်း ဒေသခံပြည်သူများသည် လေကြောင်းတိုက်ခိုက်မှုနှင့် မြေပြင်စစ်ကြောင်းထိုးမှုများကြောင့် အသက်လုထွက်ပြေးနေရသည်။


“တစ်ဖက်မှာ ပြည်သူအပေါ် စေတနာထားတယ်လို့ တစာစာကြွေးကြော်နေပေမဲ့ ကိုယ့်ခရီးစဉ်တစ်ခုအတွက်နဲ့ ပြည်သူတွေကို ရက်ရက်စက်စက်သတ်ဖြတ်နေတာ” ဟု ဒေသခံတစ်ဦးက ပြောသည်။

စစ်တပ်က လောင်းလုံးမြို့နယ် ရွာဟောင်းဝရွာနေ အသက် (၈၀) အရွယ် အဘွားအိုတစ်ဦးကိုလည်း ပစ်သတ်ခဲ့သည်။


ယခုအခါ စစ်ခေါင်းဆောင်၏ခရီးစဉ် ပြီးဆုံးသွားသော်လည်း စစ်လေယာဉ်များက ကျေးရွာများအပေါ်တွင် ဆက်လက်ပျံဝဲနေသဖြင့် ဒေသခံပြည်သူများမှာ ကြောက်ရွံ့ပြီး ပုန်းအောင်းနေရဆဲဖြစ်သည်။

# ၂၀၂၅ ဇန်နဝါရီကနေ အောက်တိုဘာလအထိ လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ အရေအတွက်

ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၂၀၂၅






ဒဏ်ရာအနာတရ ရရှိသူ စုစုပေါင်း (၁၁၅) ဦး၊ အမျိုးသမီး(၄၀)ဦး၊အမျိုးသား(၅၀)ဦး၊ ကလေးသူငယ်(၂၅)





သေဆုံးသူ စုစုပေါင်း (၇၄) ဦး၊ အမျိုးသမီး(၁၉)ဦး၊အမျိုးသား(၄၆)ဦး၊ ကလေးသူငယ်(၉)ဦး


# ၂၀၂၅ ဇန်နဝါရီကနေ အောက်တိုဘာလအထိ ဒရုန်း နှင့် လေကြောင်း တိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ အရေအတွက်





ဒဏ်ရာအနာတရ ရရှိသူ စုစုပေါင်း (၂၁၀) ဦး၊ အမျိုးသမီး(၄၉)ဦး၊အမျိုးသား(၁၂၁)ဦး၊ ကလေးသူငယ်(၄၀)ဦး




သေဆုံးသူ စုစုပေါင်း (၈၉) ဦး၊ အမျိုးသမီး(၂၄)ဦး၊အမျိုးသား(၄၅)ဦး၊ ကလေးသူငယ်(၂၀)ဦး




မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၅ အောက်တိုဘာလအကုန်တွင် မတရားဖမ်းဆီးခံရမှု (၁၃၅) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၁၁၂) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၈၅) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၄၀) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

## ၂၀၂၅အောက်တိုဘာလတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

အောက်တိုဘာလ ၂၀၂၅




**5+**

**စစ်ကောင်စီက ထောင်ဒဏ်ချမှတ်ခဲ့သည့် ဒီမိုကရေစီအရေး ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူဦးရေ**

# အောက်တိုဘာလအတွင်း မွန်ပြည်နယ်၌ ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက် သတင်းမှတ်တမ်းကောက်ယူရရှိမှု

## ၁။ မတရားဖမ်းဆီးခြင်း(စစ်မှုထမ်းခိုင်းခြင်း)

(က) ၂၀၂၅ စက်တင်ဘာလ (၂၈) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ မြို့မ (၁) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူး ဦးကျော်ဦးနှင့် ရာအိမ်မှူး ဦးသန်းဝင်းတို့ ပစ်သတ်ခံခဲ့ရသည်။
အဆိုပါပစ်ခတ်မှုပြီးနောက် စစ်တပ်က လမိုင်း - သောင်ပြင်၊ လမိုင်း - မော့ကနင်နှင့် လမိုင်း -ကော့ဒွတ် လမ်းပိုင်းများကို ပိတ်ဆို့စစ်ဆေးပြီး လမ်းသွားလမ်းလာ လူငယ် (၁၀) ဦးထက်မနည်းကို ဖမ်းဆီးခဲ့သည်။

(ခ) ပြီးခဲ့သည့်စက်တင်ဘာလ (၂၅) ရက်နေ့တွင် အင်အား (၂၅၀) ကျော်ပါရှိသည့် စစ်ကောင်စီ စစ်ကြောင်းသည် ရေးမြို့နယ်ဒေသအတွင်းသို့ ဝင်ရောက်လာပြီး ဒေသခံအမျိုးသားနှင့် အမျိုးသမီး (၃၀) ကျော်ကို လမ်းပြလူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သတင်းရရှိသည်။
ရေးမြို့နယ် အဒိန်၊ ဝယ်ဟိုင်း၊ တောင်စွန်း၊ ရွာကလေး၊ စုံပဒေါက် စသည့်ကျေးရွာအတွင်းတို့ စစ်ကြောင်း ထိုးဝင်ရောက်စဉ် ဒေသခံပြည်သူများကို လမ်းပြလူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင် သွားခြင်း ဖြစ်သည်။
“စစ်ကြောင်းထိုးတာ ကျွန်မတို့ခြံရှေ့က ဖြတ်သွားတုန်းက အမျိုးသား (၂) ယောက်နဲ့ အမျိုးသမီး (၄) ယောက်ကို ဖမ်းသွားတာတွေ့ရတယ်။ အဓိက,က လမ်းပြခိုင်းတာ။ သူတို့ဖမ်းသွားတာ အကုန်လုံး အယောက် (၃၀) ကျော်လောက်ပါတယ်လို့ ကြားတယ်” ဟု အမည်မဖော်လိုသူ အမျိုးသမီးတစ်ဦးက ပြောသည်။

(ဂ) ၂၀၂၅ စက်တင်ဘာလ (၂၈) ရက်နေ့တွင် မွန်ပြည်နယ် သထုံမြို့နယ် ကရင်လေးဆိပ်ကျေးရွာသို့ စစ်ကြောင်းတစ်ကြောင်း ဝင်ရောက်လာပြီး အသက်မပြည့်သေးသည့် ကလေးသူငယ် (၃၀) နီးပါးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။
အင်အား (၇၀) ခန့်ပါသည့် အဆိုပါစစ်ကြောင်းသည် မနက် (၅) နာရီဝန်းကျင်တွင် ကျေးရွာအတွင်းသို့ ဝင်ရောက်လာပြီး ကလေးများကို နေအိမ်တွင်ပင် ဝင်ရောက်ဖမ်းဆီးခဲ့ပြီး  အသက် (၁၃) နှစ်ဝန်းကျင် ယောကျ်ားလေး (၅) ဦး၊ အသက် (၁၆) နှစ်ဝန်းကျင် မိန်းကလေး (၈) ဦးနှင့် အသက်အတိအကျမသိသည့် ယောကျ်ားလေး (၁၅) ဦးတို့ကို ဖမ်းဆီးပြီး သထုံမြို့နယ်ရှိ အမှတ် (၉) တပ်မတော်လေ့ကျင့်ရေးကျောင်းသို့ ပို့ဆောင်ခဲ့သည်။

(ဃ) ၂၀၂၅ စက်တင်ဘာလ (၃၀) ရက်နေ့တွင် မွန်ပြည်နယ် သထုံမြို့နယ် ပေါ်တော်မူကျေးရွာမှလ အသက် (၂၂) နှစ်အရွယ် ဥက္ကာကျော်၊ အသက် (၁၇) နှစ်အရွယ် ခန့်သူအောင်နှင့် အသက် (၁၆) နှစ် အရွယ် အောင်သူဇင်တို့သည် ကျေးရွာရှိဇရပ်တွင် ထိုင်နေစဉ် စစ်အာဏာရှင်တပ်၏လှည့်ကင်းက ဖမ်းဆီးခေါ်ဆောင်သွားသည်။

"ညနေ (၆) နာရီ (၂၀) လောက်ပေါ့။ လူငယ် (၃) ယောက်က ဇရပ်မှာ ထိုင်နေတုန်း အိမ်စီးကားအဖြူ ရောင်တစ်စီး ရောက်လာပြီး ဆွဲခေါ်သွားတာ။ နောက်ပြီး မိသားစုဝင်တွေက ဖုန်းဆက်တော့ စက်ပိတ် ထားတယ်တဲ့။ ဦးလေးဖြစ်သူက ရဲစခန်းလိုက်သွားတယ်။ ရဲစခန်းမှာ ရှိနေရင်တော့ လိုက်လို့ရသေးတယ်။ မရှိတော့ဘူးဆိုရင် ဘာမှ လုပ်လို့မရတော့ဘူး" ဟု ဒေသခံတစ်ဦးက ပြောသည်။
အသက် (၂၂) အရွယ် ဥက္ကာကျော်သည် အောက်တိုဘာလ (၁) ရက်နေ့ မနက်တွင် ပြန်လည်လွတ်မြောက် လာကြောင်း ၎င်းက ဆက်ပြောသည်။

(င) ၂၀၂၅ အောက်တိုဘာလ (၂၂) ရက်နေ့တွင် အင်အား (၂၀) ခန့်ရှိသည့် စစ်အာဏာရှင်တပ်က မွန်ပြည်နယ် ရေးမြို့နယ် ဒူးယားကျေးရွာအဝင်ဝတွင် လမ်းသွားလမ်းလာပြည်သူများကို ရပ်တန့်စစ်ဆေး ပြီး ခြံလုပ်သားများအပါအဝင် ဒေသခံအမျိုးသား (၄၀) ကျော်ကို ဖမ်းဆီးခဲ့သည်။
၎င်းပြင် ဆိုင်ကယ် (၁၀) စီးကိုလည်း သိမ်းယူသွားခဲ့ကြောင်း သိရသည်။
ဖမ်းဆီးခံရသူများအနက် ပရဟိတအသင်းဝင် (၃) ဦးကိုမူ အောက်တိုဘာလ (၂၂) ရက်နေ့ ညနေပိုင်း တွင် ပြန်လည်လွှတ်ပေးခဲ့သော်လည်း အခြားသူများကို ယနေ့ (အောက်တိုဘာလ (၂၃) ရက်နေ့) အထိ ဆက်လက်ဖမ်းဆီးထားဆဲ ဖြစ်သည်။

(စ) ၂၀၂၅ အောက်တိုဘာလ (၂၃) ရက်နေ့တွင် အင်အား (၁၀၀) ဝန်းကျင်ရှိ စစ်အာဏာရှင်တပ် က မွန်ပြည်နယ် သထုံမြို့နယ် ရေဝေးနှင့် ချောင်းစောင့်ကျေးရွာကို စစ်ကြောင်းထိုးဝင်ရောက်လာစဉ် တော်လှန်ရေးတပ်ဖွဲ့များနှင့် ထိတွေ့မှု ဖြစ်ပွားခဲ့သည်။
တိုက်ပွဲပြီးနောက် စစ်တပ်က ဒေသခံ (၃) ဦးကို ဖမ်းဆီးပြီး လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။ ၎င်း တို့သည် ယနေ့အချိန်အထိ ပြန်လည်လွတ်မြောက်လာခြင်း မရှိသကဲ့သို့ မိသားစုဝင်များနှင့်လည်း အဆက်အသွယ်မရရှိကြောင်း သိရသည်။
ဖမ်းဆီးခံရသူ (၃) ဦးမှာ ရေဝေးကျေးရွာမှ မောင်တာနေထူး၊ မောင်ဂွနှင့် ဦးဖားဒေးတို့ ဖြစ်ကြသည်။

(ဆ) ၂၀၂၅ အောက်တိုဘာ (၂၆) ရက်မှ (၂၇) ရက်နေ့အထိ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ အရှေ့တောင် စစ်ဌာနချုပ်မှ စစ်တပ်အင်အား (၂၀၀) ဝန်းကျင်ခန့်ရှိသည့် စစ်ယာဉ်တန်းတစ်ခုသည် ကျိုက်မရောမြို့နယ် အတွက်ရုံမြစ်ဒေသဖြစ်တဲ့ ကျုံးဝမ်း၊ ကျိုက်ပရံစသည်ကျေးရွာများတွင် တပ်စွဲနေထိုင်ကြပြီး ဒေသခံနေအိမ် များကို ဝင်ရောက်စစ်ဆေးမှု ပြုလုပ်ခဲ့သည်။
"အလုပ်ကုန်းဘက်သို့ တပ်စွဲနေထိုင် စခန်းချပြီး ကျွန်းကုန်ရွာဘက်ကို အရင်ဝင်ပြီးတော့ အဲကနေ့ အိမ် တွေကို ဝင်ရောက်စစ်ဆေးမှုတွေ့ လုပ်ပြီး ရွာသားတွေကိုတော့ ညဘက်အပြင်ထွက်တာကို တားမြစ်ခဲ့ တယ်။ အဲအချိန်မှာ လယ်ကနေ့ နောက်ကျမှာ ပြန်လာတဲ့ လယ်သမား (၄) ယောက်ကို ဖမ်းဆီးရိုက်နှက်ခဲ့ တယ်" ဟု ကောဘိန်းရွာ ဒေသခံတစ်ဦးက ဆိုသည်။

အဆိုပါ ဖမ်းဆီးခံရတဲ့ ဒေသခံ လယ်သမား (၄) ဦးကို ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။
(ဇ)၂၀၂၅ အောက်တိုဘာ (၂၁) ရက်နေ့ ည (၁၀) နာရီခန့်တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ မြိုင် သာယာရပ်ကွက်ရှိ အရပ်ဆိုင်တစ်ဆိုင်တွင် အရက်သောက်နေတဲ့ အမျိုးသား (၃၃) ဦးကို စစ်ကော်မရှင် တပ်မှ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဒေသခံများထံမှ သိရသည်။

ဖမ်းဆီးခံရသူများထဲမှ အသက် (၅၅) မှ (၅၈) နှစ် အရွယ် အမျိုးသားနှစ်ဦးလည်း ပါဝင်နေကြောင်းသိရသည်။

## ၂။ မတရားငွေကြေးအတင်းအဓမ္မကောက်ခံခြင်း

(က) ၂၀၂၅ စက်တင်ဘာလ (၂၈) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ မြို့မ (၁) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးတို့ ပစ်ခတ်ခံခဲ့ပြီးနောက် စစ်တပ်က ကျေးရွာချင်းဆက်လမ်းများတွင် လုံခြုံရေးတင်းကြပ်ထားပြီး လူငယ်များကို ဖမ်းဆီးကာ ငွေညှစ်လျက်ရှိကြောင်း ဒေသခံများက ပြောသည်။
"စက်တင်ဘာလ (၂၉) ရက်နေ့ အုပ်ချုပ်ရေးမှူးကို သဂြိုဟ်တဲ့နေ့မှာပဲ ဖြတ်သွားတဲ့ဆိုင်ကယ်တွေကို စစ်ဆေးတယ်။ လိုင်စင်မရှိရင် လူကို ဖမ်းပြီး ဆိုင်ကယ်ကို သိမ်းတယ်။ လူကို ကားပေါ်တင်ထားပြီး ဆိုင်ကယ်ကို သူတို့ (၁၀၆) တပ်ထဲ မောင်းသွားတယ်။ အခု ပြန်ရွေးခိုင်းနေတယ်။ တချို့က (၅) သိန်း၊ တချို့က (၁၀) သိန်းနဲ့ ရွေးနေရတယ်" ဟု မော့ကနင်ဒေသခံတစ်ဦးက ပြောသည်။

(ခ) ပြီးခဲ့သည့် ဩဂုတ်နှင့် စက်တင်ဘာလအတွင်း မွန်ပြည်နယ်၊ သထုံမြို့နယ်အတွင်း လူငယ် (၄၁၁) ဦးကို ဖမ်းဆီးခဲ့ပြီး တစ်ဦးကို ငွေကျပ် (၅) သိန်း တောင်းခံပြီး ပြန်လွှတ်ပေးခဲ့ပြီး ငွေပေးနိုင်ခြင်းမရှိတဲ့ လူငယ်များကို စစ်မှုထမ်းသင်တန်းသို့ ပို့ဆောင်နေကြောင်း ဒေသခံသတင်းရင်းမြစ်ထံမှ သိရသည်။
"အခုသထုံခရိုင် စစ်မှုထမ်းစုဆောင်းရေးဌာနဆိုတာကို ဖွဲ့ထားတာရှိတယ်။ ဖမ်းဆီးခံရတဲ့ လူငယ်အများစုက သူတို့ တောင်းသလောက် ငွေမပေးနိုင်ရင် စစ်သားစုဆောင်းရေးဌာန ပို့ဆောင်ထားတာရှိတယ်" ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ဆိုသည်။

## ၃။ ရွေးကောက်ပွဲ

(က) မွန်ပြည်နယ်တွင် စစ်တပ်နှင့် အုပ်ချုပ်ရေးအဖွဲ့များက မဲစာရင်းလာရောက်ကြည့်ရှုစစ်ဆေးရန် အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်နေသော်လည်း ပြည်သူများက ရွေးကောက်ပွဲကို စိတ်မဝင်စားသဖြင့် မဲစာရင်း လာရောက်ကြည့်ရှုစစ်ဆေးခြင်း မရှိသလောက်နည်းပါးကြောင်း သိရသည်။
"မဲစာရင်းသွားကြည့်ဖို့ အသံချဲ့စက်နဲ့ ရွာပတ်ပြီး လိုက်အော်ပေမဲ့ ရွေးကောက်ပွဲကို စိတ်မဝင်စားလို့ ဘယ်သူမှ သွားမကြည့်ဘူး" ဟု ကျိုက်မရောဒေသခံတစ်ဦးက ပြောသည်။
မဲစာရင်းများကို ကနဦးတွင် စက်တင်ဘာလ (၃၀) မှ အောက်တိုဘာလ (၁၃) ရက်နေ့အထိ ကပ်ထားမည်ဖြစ်သော်လည်း လာရောက်ကြည့်ရှုသူ မရှိသဖြင့် အောက်တိုဘာလ (၁၄) မှ (၂၀) ရက်နေ့အထိ ထပ်မံကပ်ထားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

(ခ) ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲအတွင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများကို ၂၀၂၅ အောက်တိုဘာ (၂၈) ရက်နေ့မှ ဒီဇင်ဘာ (၂၆) ရက်နေ့အထိ မဲဆွယ်စည်းရုံးရေးကာလ ပြုလုပ်နိုင်ကြောင်း စစ်အာဏာရှင်ခန့် ပြည်ထောင်စု ရွေးကောက်ပွဲမှ ထုတ်ပြန်ကြေညာခဲ့သည်။
ယင်းသို့ ထုတ်ပြန်ချက် ကြေညာပြီးနောက် အောက်တိုဘာ ဒုတိယအပတ်မှစတင်ကာ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ် သံလွင်တံတား၌ စစ်အင်အား လုံခြုံရေးတိုးချဲ့ထားကြောင်း ဒေသခံများထံမှ သိရသည်။

(ဂ) ရွေးကောက်ပွဲရက်နီးကပ်လာသည်နှင့်အမျှ မွန်ပြည်နယ်တစ်ဝှမ်းတွင် စက်တင်ဘာလမှစတင်ကာ စစ်ဆေးမှုများ ပိုမိုပြုလုပ်လာခြင်းနှင့် မြို့ဝင်၊ မြို့ထွက်ပေါက်၊ လမ်းဆုံတွင်လည်း လုံခြုံရေးစစ်ဆေးမှု တိုးမြှင့်လာခဲ့နေကြောင်း ဒေသခံများထံမှ သိရသည်။

"အခိက လမ်းမကြီးတစ်လျှောက် စစ်ဆေးရေးဂိတ်မှာ အမျိုးသားခရီးသည်တွေကို ပိုမို့ အာရုံစိုက်လာနေခဲ့တယ်၊ နောက်တစ်ခု စစ်ဆေးရေးဂိတ်မှာ အဆင့်မြှင်စောင်ကြည်ကင်မရာနဲ့ ဖြတ်သန်းသွားလာနေတဲ့ အာလုံးကို စောင်ကြည်နေတယ်၊ ရွေးကောက်ပွဲနဲ့ နီးလာလေ့ ပိုမို့တင်းကြပ်လာလေ့ဖြစ်တယ်" ဟု ဒေသခံတစ်ဦးက ဆိုသည်။

## ၄။ လေကြောင်းတိုက်ခိုက်မှု


(က) ၂၀၂၅ အောက်တိုဘာလ (၉) ရက်နေ့ ည (၈) နာရီအချိန်ခန့်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပျဉ်းမပင်ဆိပ်ကျေးရွာကို စစ်တပ်က ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် ကျောင်းသား (၅) ဦး သေဆုံးပြီး (၁၂) ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သထုံခရိုင်ကရင်အမျိုးသား အစည်းအရုံးက ထုတ်ပြန်သည်။

စစ်တပ်က တိုက်လေယာဉ်ဖြင့် ပေါင် (၅၀၀) ဗုံး (၂) ကြဲချခဲ့ရာ နေအိမ်များလည်း ထိခိုက်ပျက်စီးခဲ့သည်။ အသက် (၆) နှစ်အရွယ် စောထွန်းထွန်းမင်း၊ အသက် (၇) နှစ်အရွယ် စောလင်းထက်၊ အသက် (၉) နှစ်အရွယ် နော်မင်္ဂလာဖော၊ အသက် (၁၀) နှစ်အရွယ် နော်မုချေ့ချေ့နှင့် အသက် (၁၂) အရွယ် နော်ပုလုံးတို့ သေဆုံးခဲ့သည်။

ဒဏ်ရာရသူ (၁၂) ဦးအနက် အသက် (၁) နှစ်အရွယ် စောတာပေ့ာသားအပါအဝင် အရပ်သားပြည်သူ (၉) ဦးသည် ဒဏ်ရာပြင်းထန်ကြောင်း၊ နေအိမ် (၁၁) လုံးလည်း ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

(ခ) ၂၀၂၅ အောက်တိုဘာလ (၁၇) ရက်နေ့ မနက်ပိုင်းတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း စစ်တပ်က မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျောက်ဖျာနှင့် နတ်စင်ရွာတို့ကို တိုက်လေယာဉ်ဖြင့် ဗုံးကြဲချတိုက်ခိုက်ခဲ့ဖြင့် အရပ်သား (၃) ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

စစ်တပ်က ဗုံး (၂) လုံး ကြဲချတိုက်ခိုက်ခဲ့ပြီး တစ်လုံးသည် ကျောက်ဖျာရွာအလယ်ပိုင်းရှိ နေအိမ်တစ်လုံးအနီးတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုကြောင့် အမျိုးသား (၂) ဦးနှင့် အမျိုးသမီး (၁) ဦးတို့ ထိခိုက်ဒဏ်ရာရခဲ့သည်။



# အောက်တိုဘာလအတွင်း ကရင်ပြည်နယ်၌ ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက် သတင်းမှတ်တမ်းကောက်ယူရရှိမှု

## ၁။ လက်နက်ကြီးပစ်ခတ်ခြင်း

(က) ၂၀၂၅ အောက်တိုဘာလ (၃) ရက်နေ့တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းဆိပ်ကြီးမြို့ ရပ်ကွက် (၅) ဗိုလ်ချုပ်လမ်းရှိ ရဲစခန်းနှင့် သမဝါယမရုံးကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့တို့က ဒရုန်းဖြင့် ဗုံးသီးချတိုက်ခဲ့သည်။
တိုက်ခိုက်မှုကြောင့် လမ်းမတွင်သွားလာနေသည့် ရွှေဒိုးကျေးရွာနေ အသက် (၁၈) နှစ်အရွယ် ကျောင်းသူတစ်ဦးသည် ကျောက်ကပ်၊ အူနှင့် အသည်းတို့တွင် ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။
ဒဏ်ရာပြင်းထန်သဖြင့် ထိခိုက်သူကို ကြာအင်းဆိပ်ကြီးမြို့နယ်ဆေးရုံမှ မော်လမြိုင်ပြည်သူ့ဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသနေကြောင်း သိရသည်။

(ခ) ၂၀၂၅ အောက်တိုဘာလ (၂၀) ရက်နေ့တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း စစ်တပ်က ကရင်ပြည်နယ် ဘားအံမြို့နယ် ဖားဘောင်ကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ အရပ်သား (၄) ဦး သေဆုံးပြီး (၁၀) ဦးကျော် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။
ဘားအံမြို့နယ် ကမမောင်းမြို့အခြေစိုက် စစ်တပ်ရင်းက ၁၂၀-မမ လက်နက်ကြီးများ ပစ်ခတ်ခဲ့ရာ ဖားဘောင်ကျေးရွာတွင် လက်နက်ကြီးကျည် (၃) လုံး ကျရောက်ပေါက်ကွဲခဲ့သည်။
"ညနေ (၅) နာရီခွဲလောက်မှာ လက်နက်ကြီးနဲ့ လှမ်းပစ်တာ။ လောလောဆယ်တော့ အရပ်သား (၄) ယောက် သေတယ်။ ဒဏ်ရာရတဲ့သူတွေကို ကမမောင်းမြို့က ပြည်သူ့ဆေးရုံကို ပို့ထားပြီး အရေးပေါ်ကုသနေတယ်" ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

(ဂ)၂၀၂၅ အောက်တိုဘာလ (၂၀) ရက်နေ့ ညပိုင်းတွင်လည်း ကော့ကရိတ်မြို့နယ် ထီဖိုးစံကျေးရွာကို Y12 လေယာဉ်ဖြင့် ဗုံးကြဲခဲ့မှုကြောင့် ဘုန်းကြီးကျောင်း၊ စေတီ၊ စာသင်ကျောင်းနှင့် နေအိမ်များ မီးလောင်ပျက်စီးခဲ့သည်။

(ဃ) ၂၀၂၅ အောက်တိုဘာလ (၂၁) ရက်နေ့ ညနေပိုင်းတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ခလယ်-တံခွန်တိုင်ကျေးရွာရှိ ဇီးဖြူကုန်းစခန်းတွင် တပ်စွဲထားသည့် စစ်အာဏာရှင်တပ်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အရပ်သားပြည်သူ (၂) ဦး ထိခိုက်ဒဏ်ရာရရခဲ့ကြောင်း သိရသည်။

အောက်တိုဘာလ (၁၀) ရက်နေ့ မနက်တွင် အင်အား (၅၀) ဝန်းကျင်ရှိ စစ်ကြောင်းတစ်ခုသည် သံဖြူဇရပ်မြို့နယ် အဘစ်လမ်းပိုင်းမှ ဝင်ရောက်ပြီး ပုလိန်လမ်းပိုင်းကို ဖြတ်ကာ ခလယ် - တံခွန်တိုင်ရှိ ဇီးဖြူကုန်းစခန်းကို စစ်ကြောင်းထိုးဝင်ရောက်လာသည်။

ဇီးဖြူကုန်းတွင်တပ်စွဲထားသည့် အဆိုပါစစ်ကြောင်းက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် တံခွန်တိုင်ကျေးရွာ ကုလားပိုင်းရပ်ကွက်နေ အသက် (၄၀) အရွယ် အမျိုးသမီး (၁) ဦးနှင့် အမျိုးသား (၁) ဦးတို့ ထိခိုက်ဒဏ်ရာရခဲ့သည်။




## ၂။ သက်မွေးဝမ်းကျောင်းမှု ခက်ခဲခြင်း

(က) ၂၀၂၅ စက်တင်ဘာလ တစ်လတည်းတွင် ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော်လာသူ မြန်မာနိုင်ငံသား (၇၄၄) ဦးကို ထိုင်းအာဏာပိုင်များကလ ဖမ်းဆီးရမိခဲ့ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကောက်ခံစုဆောင်းထားသည့် အချက်အလက်များအရ သိရှိရသည်။

စက်တင်ဘာလ (၂) ရက်နေ့တွင် (၃၉) ဦး၊ (၃) ရက်နေ့တွင် (၆၂) ဦး၊ (၄) ရက်နေ့တွင် (၄၃) ဦး၊ (၉) ရက်နေ့တွင် (၂၁၉) ဦး၊ (၁၀) ရက်နေ့တွင် (၁၀) ဦးနှင့် (၁၃) ရက်နေ့တွင် (၇၀) ဦးတို့ ဖမ်းဆီးခံခဲ့ရသည်။

၎င်းပြင် (၁၅) ရက်နေ့တွင် (၅၃) ဦး၊ (၁၆) ရက်နေ့တွင် (၁၁၃) ဦး၊ (၂၂) ရက်နေ့တွင် (၁၁) ဦး၊ (၂၄) ရက်နေ့တွင် (၆) ဦး၊ (၂၉) ရက်နေ့တွင် (၂၈) ဦးနှင့် (၃၀) ရက်နေ့တွင် (၉၀) ဦးတို့ကို ထိုင်းနယ်ခြားစောင့်တပ်က ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားမဝင်နယ်စပ်ဖြတ်ကျော်သူများသည် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်

ဘုရားသုံးဆူမြို့မှတဆင့် ထိုင်းနိုင်ငံ ကန်ချနပူရီခရိုင်နှင့် ထောင်ဖာဖွန်မြို့နယ်များ သို့ တရားမဝင်,ဝင်ရောက်လာကြခြင်း ဖြစ်သည်။ ပွဲစားခအနေဖြင့် ထိုင်းဘတ်ငွေ (၂၀,၀၀၀) မှ (၆၀,၀၀၀) အထိ ပေးချေခဲ့ရသည်။

## ၃။ ရွေးကောက်ပွဲ

၂၀၂၅ အောက်တိုဘာလ (၁) ရက်နေ့တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းဆိပ်ကြီးမြို့တွင် စစ်တပ်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်လူကြီးများက ပြည်သူများကို မဲစာရင်း လာရောက်ကြည့်ရှုရန် ရပ်ကွက်အလိုက် လိုက်လံနှိုးဆော်နေ သော်လည်း စစ်တပ်ကပြုလုပ်မည့် အတုအယောင်ရွေးကောက်ပွဲကို စိတ်ဝင်စားမှုမရှိ သဖြင့် မဲစာရင်းကြည့်ရှုသူ မရှိကြောင်း သိရသည်။

"စစ်ကော်မရှင်ကလုပ်တဲ့ ရွေးကောက်ပွဲကို စိတ်မဝင်စားလို့ မဲစာရင်း သွားမကြည့်ဘူး" ဟု ကြာအင်းဆိပ်ကြီးမြို့ခံတစ်ဦးက ပြောသည်။

ကြာအင်းဆိပ်ကြီးမြို့ရှိ ရပ်ကွက် (၆) ခုရှိ အုပ်ချုပ်ရေးမှူးရုံးများတွင် မဲစာရင်းများ ကပ်ထားပြီး စက်တင်ဘာလ (၃၀) ရက်နေ့မှ အောက်တိုဘာလ (၁၃) ရက်နေ့အတွင်း ပထမအကြိမ် မဲစာရင်းလာရောက်စစ်ဆေးကြရန်၊ မဲစာရင်းတွင် အမည်မပါရှိပါက ပုံစံ (၃) ဖြင့် ပြန်လည်လျှောက်ထားရန်၊ မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ (၄-ဂ) ဖြင့် ပြင်ဆင်လွှာတင်သွင်းရန် စစ်ကော်မရှင်က အသိပေးထားသည်။

## ၄။ အတင်းအဓမ္မရွှေ့ပြောင်းခြင်း (နေရပ်စွန့်ခွာ ထွက်ပြေးခြင်း)

(က) ၂၀၂၅ အောက်တိုဘာလ (၂၀) ရက်နေ့ မနက်ပိုင်းတွင် စစ်အာဏာရှင်တပ်က ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ခလယ် - တံခွန်တိုင်ကျေးရွာသို့ စစ်ကြောင်း ထိုးဝင်ရောက်လာပြီး ကျေးရွာအတွင်းရှိ အထက်တန်းကျောင်းတွင် စခန်းချတပ်စွဲနေ သဖြင့် ဒေသခံပြည်သူများ ထိတ်လန့်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် တိုက်ပွဲဖြစ်ပွားခြင်း မရှိသည်မှာ (၁) နှစ်ကျော် ကြာမြင့်ခဲ့ပြီး ဖြစ်သော်လည်း အင်အား (၂၀၀) ကျော် စစ်ကြောင်းတစ်ခုက အဘစ်လမ်းဝမှတဆင့် ရုတ်တရက်ဝင်ရောက်လာခြင်း ဖြစ်သည်။

"အာဏာသိမ်းခါစကလည်း အထက်တန်းကျောင်းမှာ တပ်စွဲထားခဲ့တယ်။ တိုက်ပွဲဖြစ်ပြီးတော့ (၁) နှစ်ကျော်လောက် ပျောက်သွားတာ။ အခု ပြန်လာပြီး ထပ်တပ်စွဲတယ်။ ဘာအန္တရာယ်မှ မပေးဘူး ပြောထားပေမဲ့ နန်းသိုင်းထွန်းရွာနဲ့ နီးနေတော့ တိုက်ပွဲဖြစ်မှာ စိုးရိမ်နေတယ်" ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

(ခ) ၂၀၂၅ ဇူလိုင်လမှစ၍ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ကရိတ် - ကျုံဒိုး လမ်းပိုင်း စစ်အာဏာရှင်တပ်က စစ်ကြောင်းထိုးနေသည့်အပြင် လက်နက်ကြီးဖြင့်ပါ ပစ်ခတ်တိုက်ခိုက်နေသဖြင့် ကျေးရွာ (၁၃) ရွာမှ ဒေသခံပြည်သူထောင်ချီ ထွက်ပြေး တိမ်းရှောင်နေရသည်။

၎င်းပြင် ဩဂုတ်လဆန်းပိုင်းမှစ၍ ကော့ကရိတ်မြို့မြောက်ပိုင်း ဒေါနတောင် - မြဝတီလမ်းဟောင်းကို စစ်အာဏာရှင်တပ်နှင့် ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော် (DKBA)တို့က စစ်ကြောင်း (၄) ကြောင်းဖြင့် စစ်ကြောင်းထိုးနေသည့်အပြင် လေကြောင်း တိုက်ခိုက်မှုပါ လုပ်ဆောင်နေသည်။

စစ်အာဏာရှင်တပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့အကြား ၂၀၂၅ အောက်တိုဘာလ တတိယအပတ်အထိ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားနေသည်။

ကော့ကရိတ်မြောက်ပိုင်း ကျုံဒိုးချောင်းဖျား၊ နန်းကော်တေး၊ ကျုံဘိုင်း၊မြပတိုင်နိုင်စသည့်ကျေးရွာများမှ ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရသည်။

“ကျွန်တော်တို့ဆီကို ရွာ (၅) ရွာလောက်က ဒေသခံတွေ ထပ်ရောက်လာတယ်။ တိုက်ပွဲကတော့ အသံတိတ်နေတယ်။ ဒါပေမဲ့ ရွာမှာနေရင် ဝင်ထွက်သွားလာတာကို (စစ်တပ်ကို) စာရင်းပေးရမယ်၊ (သူတို့က) အိမ်ကို စစ်ဆေးမယ်ဆိုတော့ မနေကြဘူး။ တချို့ကျတော့ အိမ်က တိုက်ပွဲကြောင့် ပျက်စီးသွားပြီး နေစရာမရှိလို့ ရောက်လာကြတယ်” ဟု ကော့ကရိတ်ဒေသခံတစ်ဦးက ပြောသည်။

(ဂ) ၂၀၂၅ အောက်တိုဘာ (၂၀) မှ (၂၈) ရက်နေ့အထိ ကရင်ပြည်နယ် ကော့ကရိတ် မြောက်ပိုင်း ကျေးရွာချင်း ဆက် လမ်းပိုင်းတစ်လျှောက် နယ်မြေ ထိမ်းချုပ်နိုင်ရန် စစ်တပ်နှင့်၊ ဒီမိုကရေစီ ကရင်အမျိုးသားတပ်မတော် (DKBA)၊ နယ်ခြားစောင့်တပ် (BGF) တပ်၊ ငြိမ်းချမ်းရေးကောင်စီ (PC) ပူးပေါင်းတပ်ဖွဲ့တို့ အင်အားအလုံးအရင်း ဖြင့် စစ်ကြောင်းထိုးနေခြင်းဖြစ်သည်။

စစ်ကြောင်းထိုးဝင်ရောက်ခြင်းနှင့်အတူ ဒေသတွင်းအခြေစိုက် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်- KNLA၊ မဟာမိတ် ပူးပေါင်းတပ်များ နှင့် စစ်အုပ်စု ပူးပေါင်းတပ်တို့ တိုက်ပွဲများ ဖြစ်ပွားနေခဲ့ပြီး ကျေးရွာ (၂၀) ကျော်မှ ဒေသခံ (၃၀,၀၀၀) နီးပါး ဘေးလွတ်ရာသို့ နေရပ်စွန့်ခွာ စစ်ရှောင်နေရသည်။


ထို့အပြင် မြပတိုင်၊ နောင်ထပွဲ၊ နောင်တပွဲ၊ နောင်မိ၊ ကော့ဖန်းရပ်၊ နဘူး၊ ရင်ကွဲ တောင် ကားလမ်းပိုင်း တစ် လျှောက် ကျေးရွာ များ အား စစ်အုပ်စုက မြို့ပေါ် ဘက်သို့ သွားလာခွင့် ပိတ်ပင်ထားသည့် အတွက်စစ် ဘေးရှောင်မရဘဲ ကျေးရွာ များထဲ တွင် ပိတ်မိ နေသူများလည်း ရှိ နေကြောင်း သိရှိရပါသည်။

## ၅။ လေကြောင်းတိုက်ခိုက်မှု

၂၀၂၅ အောက်တိုဘာ (၃၀) ရက်နေ့က ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၊ မြဝတီမြို့နယ်၊ လေးကေကော်မြို့သစ်တောင်ဘက်ရှိ ရသေ့ဂူးတစ်ဝိုက် တောင်ကြောနေရာအတွင်း စစ်အာဏာရှင်တပ်မှ စစ်ကြောင်းထိုးဝင်ရောက်ရန် နေ့လည် (၁၂) နာရီအချိန်တွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဗုံးကြဲနေခြင်းသည် ရသေ့ဂူကျေးရွာနှင့် ထီးမယ်ဝါးခီးကျေးရွာဘက်၊ ကျော်ဝါးဘိုးတောင်ကြော နေရာ ဘက်သို့ အောက်တိုဘာ (၂၀) ရက် နောက်ပိုင်းဆက်လက် ထိုးစစ်ဆင်နေသည့်စစ်အုပ်စု စစ်ကြောင်းများ မြေမြှုပ်မိုင်းပေါက်ကွဲ မှုကြောင့် ထိခိုက်ကျဆုံးနေခြင်းကြောင့် ဖြစ်သည်ဟု သိရသည်။

# အောက်တိုဘာလအတွင်း တနင်္သာရီတိုင်းဒေသကြီး ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက် သတင်းမှတ်တမ်းကောက်ယူရရှိမှု




## ၁။ ပြည်သူ့အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးခြင်း

(က) ၂၀၂၅ စက်တင်ဘာလ (၂၈) ရက်နေ့ နေ့လည်ပိုင်းအချိန်တွင် တနင်္သာရီတိုင်း ပုလောမြို့နယ် မင်းပြင်ရွာသို့ စစ်ကြောင်းထိုးလာသည့် စစ်ကော်မရှင်တပ်နှင့် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။

တိုက်ပွဲပြီးနောက် စစ်တပ်က ပလမြို့နှင့် မင်းပြင်ရွာကြားရှိ နေအိမ် (၂) လုံးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း ဒေသခံများက ပြောသည်။

(ခ) ၂၀၂၅ ဩဂုတ်လဆန်းပိုင်းမှစ၍ တနင်္သာရီတိုင်း ပုလောမြို့နယ် ပလမြို့နှင့် မင်းပြင်ရွာအနီးတဝိုက်တွင် စစ်အာဏာရှင်တပ်နှင့် တော်လှန်ရေးပူးပေါင်းတပ်တို့အကြား တိုက်ပွဲများ ပြင်းထန်နေသည်။

စက်တင်ဘာလ (၂၈) ရက်နေ့တွင် စစ်တပ်က မင်းပြင်ရွာရှိ နေအိမ် (၂) လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။ ယခု အောက်တိုဘာလ (၄) ရက်မှ (၈) ရက်နေ့အတွင်း နေအိမ် (၁၁) လုံးကို ထပ်မံမီးရှို့ဖျက်ဆီးခဲ့ကြောင်း ဒေသခံသတင်းရင်းမြစ်က ပြောသည်။

"အောက်တိုဘာ (၄) ရက်နေ့က (၃) လုံး၊ (၆) ရက်နေ့မှာ (၇) လုံးနဲ့ (၈) ရက်နေ့မှာ နောက်ထပ် (၁) လုံး မီးရှို့ဖျက်ဆီးခဲ့တယ်" ဟု ၎င်းက ပြောသည်။

(ဂ) ၂၀၂၅ စက်တင်ဘာလနှင့် အောက်တိုဘာလ (၂) လတာကာလအတွင်း တနင်္သာရီတိုင်း ပုလောမြို့နယ် ပလမြို့နှင့် မင်းပြင်ကျေးရွာတွင် တိုက်ပွဲများဖြစ်ပွားနေပြီး စစ်တပ်က ပြည်သူတို့၏နေအိမ်များကို ဆက်တိုက် မီးရှို့ဖျက်ဆီးနေကြောင်း သိရသည်။

အောက်တိုဘာလ (၁၃) ရက်နေ့တွင်လည်း မင်းပြင်ရွာမှ နေအိမ် (၅) လုံးကို စစ်တပ်က ထပ်မံမီးရှို့ဖျက်ဆီးခဲ့သည်။

(ဃ) ၂၀၂၅ အောက်တိုဘာလ (၉) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်း မြို့နယ် စော်ဖျား၊ မိုးရွှေကုန်းနှင့် ကျောက်လှေကားကျေးရွာများမှ အရပ်သားနေအိမ် အလုံး (၅၀) ခန့်ကို မီးရှို့ဖျက်ဆီးခဲ့သည်။

"မိုးရွှေကုန်းက (၁၇) လုံး၊ စော်ဖျားနဲ့ ကျောက်လှေကားက အလုံး (၃၀) မီးရှို့ဖျက်ဆီးခံ လိုက်ရတယ်။ ကျန်တဲ့အိမ်တွေကိုလည်း ဖောက်ထွင်းထားတယ်။ ဆိုင်ကယ်အစီး (၂၀) ၊ စက်ဘီးနဲ့ ပရိဘောဂတွေလည်း သယ်သွားကြတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

(င) ၂၀၂၅ အောက်တိုဘာလ (၁၈) ရက်နေ့ ညနေပိုင်းတွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ထားဝယ်အထူးစီးပွားရေးဇုန်ရှိ ခမောင်းချောင်းကျေးရွာကို အင်အား (၁၀၀) နီးပါးရှိသည့် စစ်ကြောင်းတစ်ခုက စစ်ကြောင်းထိုးဝင်ရောက်လာရာ ဒေသခံတော်လှန်ရေးတပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။

တိုက်ပွဲပြီးနောက် ခမောင်းချောင်းနှင့် ဝက်ချောင်းကျေးရွာရှိ နေအိမ် (၁၆) လုံးကို စစ်တပ်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

(စ) ၂၀၂၅ အောက်တိုဘာ (၂၀) ရက်နေ့မှစတင်ကာ တနင်္သာရီတိုင်းဒေသကြီး၊ သရက် ချောင်းမြို့နယ် မြိတ်- ထားဝယ်ကားလမ်းပေါ်ရှိ ကျေးရွာအတွင်း စစ်ကြောင်းထိုးဝင် ရောက်လာခဲ့ပြီး အောက်တိုဘာ (၂၃) ရက် နံနက်ပိုင်းအချိန် လဘာကျေးရွာ စာသင်ကျောင်း အနီး၌ ပြည်သူ့ကာကွယ်ရေးတပ်တို့နှင့် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

နှစ်ဖက် တိုက်ပွဲဖြစ်ပွားပြီးနောက် စစ်အာဏာရှင်တပ်က လဘာကျေးရွာရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးကြောင်း ဒေသခံအချို့က ဆိုသည်။

အိမ်ခြေ တစ်ရာခန့်ရှိသည့် လဘာကျေးရွာတွင် တစ်ဝက်နီးပါး မီးလောင်ပျက်စီးခဲ့သည့် အပြင် လဘာ၊ ဆင်ကျန်း၊ ပိတိုင်စသည့် ကျေးရွာရှိ အရပ်သားပြည်သူနေအိမ်က ပစ္စည်း များကိုလည်း စစ်ကြောင်းက ယူဆောင်သွားကြောင်း ၎င်းတို့က ပြောဆိုသည်။

### ၂။ စစ်ဘေးရှောင်အခြေအနေများ

(က) ၂၀၂၅ စက်တင်ဘာလ (၂၇) ရက်နေ့တွင် စစ်အာဏာရှင်စစ်ကြောင်းတစ်ခုက တနင်္သာရီတိုင်း ရေဖြူမြို့နယ် ရေနက်ဆိပ်ကမ်းဒေသကို စစ်ကြောင်းထိုး ဝင်ရောက်လာ သဖြင့် ကျေးရွာ (၆) ရွာခန့်မှ ဒေသခံပြည်သူထောင်ချီ ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။

လောင်းလုံးမြို့နယ်အခြေစိုက်တပ်ရင်းမှ အင်အားအများအပြားပါဝင်သည့် စစ်ကြောင်း သည် မောင်းမကန်ရဲစခန်းမှတဆင့် ရေဖြူမြို့နယ် ရေနက်ဆိပ်ကမ်းဒေသရှိ ပန်းတအင်း၊ ပိန်းရှောင်၊ ညောင်ပင်ဆိပ်၊ မူးဒူးစသည့်ကျေးရွာများကို စစ်ကြောင်းထိုးနေသည်။
စစ်ကြောင်းကြောင့် ပန်းတအင်း၊ ပိန်းရှောင်၊ ညောင်ပင်ဆိပ်၊ မူးဒူး၊ ကေနိနှင့် ခမောင်း ချောင်းကျေးရွာများမှ ဒေသခံပြည်သူ (၃,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရသည်။

(ခ) ၂၀၂၅ ဩဂုတ်လဆန်းမှစ၍ တိုက်ပွဲနှင့် စစ်ကြောင်းထိုးမှုများကြောင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ်မှ ဒေသခံပြည်သူသောင်းချီ ဘေးလွတ်ရာထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး အများစုသည် စက်တင်ဘာလ (၂၀) ရက်နေ့တွင် နေရပ်ပြန်လာနိုင်ခဲ့သည်။ သို့သော် စားဝတ်နေရေး၊ ကျန်းမာရေးနှင့် သွားလာရေးပြဿနာများ ရင်ဆိုင်နေရဆဲဖြစ်ကြောင်း ဒေသခံများက ပြောသည်။
"ပြေးနေတုန်းကလည်း ဒုက္ခတစ်မျိုး။ အခု ရွာပြန်ရောက်တော့လည်း ရွာပြင်တောင် မ ထွက်ရဲဘူး။ ဘယ်နေ့ပြန်ထဖြစ်မလဲ ကြောက်နေရတယ်။ ဘာအလုပ်လုပ်မှ မလုပ်နိုင် ဘူး။ တစ်နေ့လုပ်တစ်နေ့စား အခြေခံလူတန်းစားတွေအတွက် စားဝတ်နေရေးအခက်အခဲ ဖြစ်နေတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။
စစ်အာဏာရှင်တပ်က ကျေးရွာများတွင် တပ်စွဲစခန်းချနေသဖြင့် တိုက်ပွဲများ ပြန်လည် ဖြစ်ပွားလာမည်ကိုလည်း ဒေသခံပြည်သူများက စိုးရိမ်နေသည်။

(ဂ) ၂၀၂၅ အောက်တိုဘာလ (၁၉) ရက်နေ့တွင် အင်အား (၁၀၀) ကျော်ပါရှိသည့် စစ် အာဏာရှင်စစ်ကြောင်းတစ်ခုက တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် ကျောက်ဆင် ကျေးရွာကို စစ်ကြောင်းထိုးဝင်ရောက်လာသဖြင့် ဒေသခံပြည်သူ (၃,၀၀၀) ကျော်သည် ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း သိရသည်။
စစ်ကြောင်းသည် ကျောက်ဆင်ရွာကို စစ်ရေယာဉ်ဖြင့် ရောက်ရှိလာခြင်း ဖြစ်ပြီး ထိုမှတ ဆင့် သဘော့ဆိပ်ကျေးရွာသို့ ဆက်လက်ထွက်ခွာသွားသည်။

(ဃ) ၂၀၂၅ အောက်တိုဘာလ ဒုတိယအပတ်မှစ၍ တနင်္သာရီတိုင်း ရေဖြူမြို့နယ် ထားဝယ်အထူးစီးပွားရေးဇုန် နဘုလယ်ဒေသကို စစ်အာဏာရှင်တပ်က စစ်ကြောင်းထိုး နေသဖြင့် ဒေသခံပြည်သူထောင်ချီ ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။
အင်အား (၂၀၀) ဝန်းကျင်ရှိ စစ်ကြောင်းသည် ရေဖြူအနောက်ဘက်ကမ်းရှိ မူးဒူး၊ ရလိုင်၊ ဇာဒီနှင့် အနီးအနားကျေးရွာများကို စစ်ကြောင်းထိုးနေသဖြင့် ဒေသခံပြည်သူ (၃,၀၀၀) ခ န့်သည် ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရသည်။
"ဒီနေ့အထိပဲ တစ်ရွာဝင်တစ်ရွာထွက် စစ်ကြောင်းထိုးနေတာ။ အခုထိ တိုက်ပွဲဖြစ်တာ မျိုးတော့ မရှိသေးဘူး။ ဒါပေမဲ့ စစ်ကြောင်းဝင်နိုင်ဖို့ စစ်တပ်က ဗုံးကြဲပြီး စက်သေနတ်နဲ့ ဆက်တိုက်ပစ်နေတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

(င) ၂၀၂၅ အောက်တိုဘာလ (၂၀) ရက်နေ့တွင် အင်အား (၁၀၀) ခန့်ရှိသည့် စစ်ကြောင်း တစ်ခုက တနင်္သာရီတိုင်း ရေဖြူမြို့နယ် ကံပေါက်ဒေသ ဇာဒီကျေးရွာကို စစ်ကြောင်း ထိုးဝင်ရောက်လာပြီး ဘုန်းတော်ကြီးကျောင်းနှင့် နေအိမ်များတွင် တပ်စွဲနေထိုင်နေကြ သည်။

အောက်တိုဘာလ (၂၃) ရက်နေ့တွင် စစ်တပ်က ကျေးရွာတွင် လျှပ်စစ်မီးပြန်လည် ပေးပြီး ဒေသခံများကို နေရပ်ပြန်ရန် ခေါ်ဆောင်နေသော်လည်း စစ်ရှောင်ပြည်သူများ နေရပ်မပြန်ရဲသေးကြောင်း သိရသည်။

"ဇာဒီမှာ လျှပ်စစ်မီးကို ၂၀၂၄ ဒီဇင်ဘာကတည်းက ဖြတ်ထားတာ။ အခု သူတို့တပ်စွဲ ထားတဲ့အိမ်တွေမှာ မီးလင်းနေတာ တွေ့ရတယ်။ မီးလာရင် တာဝါတိုင်ဖုန်းလိုင်းလည်း ပြန်ရတယ်။ စစ်ကြောင်းက အောက်တိုဘာ (၂၄) ရက်နေ့မှာ ထွက်သွားပေမဲ့ ကျွန်တော် တို့က ရွာမပြန်ရဲသေးဘူး" ဟု ဇာဒီရွာသားတစ်ဦးက ပြောသည်။

## ၃။ မတရားညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်း

(က) ၂၀၂၅ အောက်တိုဘာလ (၃) ရက်နေ့ ညပိုင်းအချိန်တွင် တနင်္သာရီတိုင်း ထားဝယ် မြို့နယ် ထားဝယ်အကျဉ်းထောင်တွင် အကျဉ်းကျနေသည့် နိုင်ငံရေးအကျဉ်းသား တစ်ဦးသည် ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာမရရှိခြင်းကြောင့် သေဆုံးခဲ့ရ ကြောင်း သိရသည်။

ထားဝယ်မြို့နယ် ရှင်မုတ္ထီးရွာက အသက် (၄၈) နှစ်အရွယ် ဦးအောင်ကိုဦးသည် ထားဝယ်အကျဉ်းထောင်တွင် နိုင်ငံရေးပုဒ်မများကြောင့် အကျဉ်းကျနေစဉ် နှလုံးရောဂါ ဖြင့် ကွယ်လွန်ခဲ့ရသည်။

ဦးအောင်ကိုဦးသည် ၂၀၂၁ ခုနှစ်အစောပိုင်းကတည်းက ဖမ်းဆီးခြင်း ခံခဲ့ရပြီး ပုဒ်မ ၅၀၅(က) နှင့် ဖောက်ခွဲမှုနှင့်သက်ဆိုင်သည့် ပုဒ်မများဖြင့် ထောင်ဒဏ် (၈) နှစ် ချမှတ် ခံခဲ့ရသည်။

အကျဉ်းကျနေစဉ်တွင် ရောဂါဝေဒနာက ပြင်းထန်လာသော်လည်း လုံလောက်သည့် ဆေးဝါးကုသမှု မရရှိခဲ့ချေ။ အောက်တိုဘာလ (၃) ရက်နေ့တွင်မှ ထားဝယ်ပြည်သူ့ ဆေးရုံရှိ အကျဉ်းသားများဆေးကုပေးသည့်အဆောင်တွင် ကွယ်လွန်သွားခဲ့ကြောင်း ထားဝယ်ခရိုင် နိုင်ငံရေးအကျဉ်းသားများကွန်ရက်က ပြောသည်။

## ၄။ လေကြောင်းတိုက်ခိုက်မှု

(က) ၂၀၂၅ အောက်တိုဘာလ (၁၀) ရက်နေ့တွင် တနင်္သာရီတိုင်း တနင်္သာရီမြို့နယ် တကူးကျေးရွာကို စစ်အာဏာရှင်တပ်က ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် ကလေးငယ်ကျောင်းသား (၁) ဦးအပါအဝင် ဒေသခံပြည်သူ (၁၀) ဦးထက်မနည်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

မနက် (၉) နာရီအချိန်တွင် တိုက်လေယာဉ်တစ်စင်းက ဗုံး (၂) လုံး ကြဲချခဲ့ရာ တကူးကျေးရွာ မီးသတ်ရုံးနှင့် ဈေးအနီးတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ မီးသတ်ရုံးလည်း ပျက်စီးသွားကြောင်း ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။
"မနက် (၉) နာရီ မိနစ် (၄၀) လောက်မှာ လေယာဉ်သံကြားတော့ ကျောင်းကရှိသမျှ ကလေးတွေကို ပြန်လွှတ်တာ။ ကလေးတွေ ပြန်နေတဲ့အချိန် ဗုံးကြဲချတော့ ကျောင်းသားလေးတစ်ယောက် ထိသွားတယ်။ ဈေးအနီးမှာ အမျိုးသမီးတစ်ဦးလည်း ထိတယ် ကြားတယ်။ မီးသတ်ရုံးလည်း ထိခိုက်သွားတယ်" ဟု အမျိုးသားတစ်ဦးက ပြောသည်။

(ခ) ၂၀၂၅ အောက်တိုဘာလ (၈) ရက်နှင့် (၁၀) ရက်နေ့များတွင် တနင်္သာရီတိုင်း ထားဝယ်မြို့နယ် ထားဝယ်အရှေ့တောဒေသ ထီးခီးကျေးရွာကို စစ်တပ်က ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် နေအိမ်အလုံး (၇၀) ထက်မနည်း ပျက်စီးပြီး ဒေသခံပြည်သူ (၃၅၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရသည်။
အောက်တိုဘာလ (၈) ရက်နေ့တွင် Y12 FTC-2000G လေယာဉ်ဖြင့် ထီးခီးကျေးရွာကို ဗုံးသီးအလုံး (၄၀) ထက်မနည်း ကြဲချခဲ့သည်။
အောက်တိုဘာလ (၁၀) ရက်နေ့ မနက်ပိုင်းတွင်လည်း လေကြောင်းတိုက်ခိုက်မှု (၂) ကြိမ် ထပ်မံပြုလုပ်ခဲ့သည့်အပြင် စက်သေနတ်ဖြင့်ပါ ပစ်ခတ်ခဲ့သည်ဟု ဒေသခံများက ပြောသည်။



**၅။ မတရားဖမ်းဆီးခြင်း**

(က) ၂၀၂၅ ဩဂုတ်လ (၁၉) ရက်နေ့တွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ် သာယာမွန် ကျေးရွာမှ အသက် (၁၈) နှစ်အရွယ် လူငယ်တစ်ဦးကို တော်လှန်ရေးတပ်ဖွဲ့များနှင့် ချိတ်ဆက်နေသည်ဟု စွပ်စွဲကာ စစ်အာဏာရှင်တပ်က ဖမ်းဆီးခဲ့သည်။
(၂) လနီးပါးကြာအောင် ထိန်းသိမ်းထားပြီးနောက် အဆိုပါလူငယ်ကို အောက်တိုဘာလ (၈) ရက်နေ့တွင် ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။ သို့သော် ထိုသို့ပြန်လည် လွှတ်ပေးရန်အတွက် မိသားစုဝင်များက ငွေကျပ်သိန်း (၄၀) ပေးဆောင်ခဲ့ရသည်ဟု ၎င်းတို့နှင့်နီးစပ်သူတစ်ဦးက ပြောသည်။

(ခ) ၂၀၂၅ အောက်တိုဘာလ (၇) ရက်မှ (၁၄) ရက်နေ့အတွင်း တနင်္သာရီတိုင်း ထားဝယ် - မြိတ် ပြည်ထောင်စုကားလမ်းပိုင်းရှိ စစ်အာဏာရှင်တပ်၏ စစ်ဆေးရေးဂိတ်များက ခရီးသွားလူငယ်အယောက် (၅၀) ကျော်ကို ဖမ်းဆီးပြီး စစ်မှုထမ်းသင်တန်းသို့ ပို့ဆောင် ခဲ့ကြောင်း သိရသည်။

**၆။ ပညာရေး**

(က) ၂၀၂၅ ဩဂုတ်လဆန်းမှစ၍ တိုက်ပွဲများ ဖြစ်ပွားနေခြင်း၊ စစ်ကြောင်းထိုးခြင်းနှင့် လက်နက်ကြီးပစ်ခတ်ခြင်းတို့ကြောင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ကလိန်အောင် - မလွှဲ တောင်ကားလမ်းတလျှောက်ရှိ ကျေးရွာ (၁၀) ရွာမှ စာသင်ကျောင်းများကို ပိတ်သိမ်းထား ခဲ့ရသည်။
အဆိုပါစာသင်ကျောင်းများကို အောက်တိုဘာလ (၁၃) ရက်နေ့တွင် ပြန်လည်ဖွင့်လှစ် ခဲ့သော်လည်း တက်ရောက်သူ ကျောင်းသားကျောင်းသူများ အနည်းငယ်သာ ရှိကြောင်း သိရသည်။
“ကျွန်မတို့ကျောင်းက အရင်ကဆို ကျောင်းသား (၃၀၀) လောက် ရှိတယ်။ အခု (၂၅၀) ပဲ လာတက်နိုင်တယ်။ အခုက ကြောက်ကြောက်နဲ့ စာသင်နေရတယ်။ ဘယ်နေ့ ထဖြစ် မလဲ တွေးပြီး စိတ်ထဲ မလုံခြုံဘူး။ မိဘတွေကလည်း သူတို့သားသမီးတွေကို စိုးရိမ်နေ ကြတယ်” ဟု ကျောင်းဆရာမတစ်ဦးက ပြောသည်။

## ၇။ လက်နက်ကြီးပစ်ခတ်ခြင်း

(က) ၂၀၂၅ အောက်တိုဘာလ (၁၄) ရက်နေ့ ညနေပိုင်းအချိန်တွင် တနင်္သာရီတိုင်း တနင်္သာရီမြို့နယ် ဘန်းလမွတ်ကျေးရွာကို စစ်တပ်က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ အမျိုးသမီး (၂) ဦးနှင့် ကလေးငယ် (၁) ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။
တနင်္သာရီမြို့နယ် မော်တုန်းကျေးရွာအခြေစိုက် အမှတ် (၃၀၆) အမြောက်တပ်ရင်းက ၁၂၀-မမ လက်နက်ကြီး (၂) လုံး ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကြီးကျည်တစ်လုံး သည် ဘန်းလမွတ်ကျေးရွာရှိ လူနေအိမ်ကြားတွင် ကျရောက်ပေါက်ကွဲခဲ့သည်။
ပေါက်ကွဲမှုကြောင့် အသက် (၈၀) အရွယ် အမျိုးသမီးကြီး (၁) ဦး၊ အသက် (၅၀) အရွယ် အမျိုးသမီး (၁) ဦးနှင့် အသက် (၅) နှစ်အရွယ် ကလေးငယ် (၁) ဦးတို့ ထိခိုက်ဒဏ်ရာရ ခဲ့သည်။



# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း

စစ်ဘေးဒုက္ခသည် ၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်

အောက်တိုဘာလ ၂၀၂၅


## မွန်ပြည်နယ်



၇၅၀၀



၁၁



၂၂

## ကရင်ပြည်နယ်



၂၂၁၀၀ +



၁၁



၂၂


## တနင်္သာရီတိုင်းဒေသ



၂၇၅၀၀



၁၅



၃၅

## မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်း

မွန်ပြည့်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ၁၉၈၈ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွသော လှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ စနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်ရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့် ထားရှိကာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ ဝန်ထမ်းများဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသားလူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျက်ရှိသည်။ မွန်လုထုအသံ ဟူသော စာစောင်ကို ပုံမှန်ထုတ်ဝေလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိသည်။

ပန်းတိုင် နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

### ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ သိရှိနိုင်စေရန်။

(၂) လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးလှုံ့ ဆော်ရန်။

(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

### စာဖတ်သူများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း ချစ်ခင်လေးစားရပါသော စာဖတ်သူများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျက်ရှိသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက ဤအချက်အလက်များ တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးနေရခြင်းကြောင့် ဖြစ်ပါသဖြင့် စာဖတ်သူများမှ နားလည်ပေး စေလိုပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာ ပေးပို့လို၍ဖြစ်စေ ကျွန်ုပ်တို့၏ စာစောင်ကို ပေးပို့ စေလို၍ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ စာစောင်ပေးပို့ စေလိုပါက ပေးပို့ စေလိုသော လူပုဂ္ဂိုလ်၏ နာမည်နှင့် လိပ်စာအပြည့်အစုံကို ပေးပို့စေလိုပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Human Rights Foundation of Monland (Burma)
P. O. Box 2237
General Post Office
Bangkok 10501, THAILAND